# တောင်ငူခရိုင်ဌာနေတိုင်းရင်းသားတို့၏ဘိုးဘွားပိုင်နယ်မြေကာကွယ်ထိန်းသိမ်းခြင်း တွေ့ဆုံဆွေးနွေးပွဲ ထုတ်ပြန်ကြေညာချက်

**၂၀၁၉ ခုနှစ်၊ ဒီဇင်ဘာလ (၂၀) ရက်**

တောင်ငူခရိုင်တွင်း ဌာနေတိုင်းရင်းသားတို့၏ဘိုးဘွားပိုင်နယ်မြေကာကွယ်ထိန်းသိမ်းခြင်းများ ပိုမိုပြန်လည်ရှင်သန်လာရန်အတွက် တွေ့ဆုံဆွေးနွေးပွဲတစ်ရပ်ကို ၂၀၁၉ ခုနှစ်၊ ဒီဇင်ဘာလ (၁၈) ရက်မှ (၂၀) ရက်နေ့အထိ တောင်ငူခရိုင်၊ ကော်သူးလေနယ်မြေတွင် ပြုလုပ်ခဲ့ပါသည်။ ၄င်းဆွေးနွေးပွဲတွင် ခရိုင်၊ မြို့နယ်၊ ဌာနဆိုင်ရာအသီးသီး၊ ဒေသခံပြည်သူလူထု၊ လူထုအခြေပြုလူမှုအဖွဲ့အစည်း၊ ကရင်နီလူထုကိုယ်စားလှယ်နှင့် ဘာသာရေးအဖွဲ့အစည်း၊ ခေါင်းဆောင်ကိုယ်စားလှယ် စုစုပေါင်း (၇၀) ဦး တက်ရောက်ခဲ့ပါသည်။

ဤတွေ့ဆုံဆွေးနွေးပွဲ၏အဓိကရည်မှန်းချက်မှာ ဌာနေတိုင်းရင်းသားပြည်သူတို့၏ ဘိုးဘွားပိုင်နယ်မြေစီမံခန့်ခွဲခြင်းစနစ်များ ပြန်လည်အားကောင်းလာစေရန်နှင့် သဘာဝပတ်ဝန်းကျင်သက်ရှိဇီဝမျိုးကွဲများနှင့်ဂေဟစနစ်ကာကွယ်ထိန်းသိမ်းစောင့်ရှောက်ရန် ဖြစ်ပါသည်။ တွေ့ဆုံဆွေးနွေးပွဲအတွင်း ပါဝင်သောအဓိကအကြောင်းအရာများမှာ လုပ်ငန်းအကောင်အထည် ဖော်ဆောင်ရေးကော်မတီနှင့် အကြံပေးအဖွဲ့တို့ဖွဲ့စည်းခြင်းအပြင် ရှေ့လုပ်ငန်းစဉ်များဖြစ်သည့် နယ်မြေဒေသသမိုင်းရာဇဝင်၊ ကရင်မျိုးနွယ်စု၊ အခြားမျိုးနွယ်စုများ၊ ကျေးရွာနယ်နိမိတ်များ၊ လူထုအသက်မွေးဝမ်းကျောင်းပြုရာနယ်မြေဒေသများ၊ ရိုးရာ ယဉ်ကျေးမှုဓလေ့ထုံးတမ်းအရ ကာကွယ်ထိန်းသိန်းထားသောနေရာများ၊ စသည့်တို့အား ပြန်လည် ဖော်ထုတ်ခြင်း ဆိုင်ရာလု ပ်ငန်းစဉ်များကို ချမှတ်ခဲ့သည်။

မြန်မာနိုင်ငံ၏မြေယာနှင့်သစ်တောဥပဒေများ၊ ကြိုးပြင်ကာကွယ်တောစီမံကိန်းများ၊ ဒေသခံများ၏ဘဝလုံခြုံရေးအတွက် စိုးရိမ်နေရသည့်နေရာများတွင် ကားလမ်းဖောက်လုပ်ခြင်း၊ ရေကာတာအကြီးစားစီမံကိန်းများ။ ဌာနေတိုင်းရင်းသားဓလေ့ထုံး တမ်းနှင့်မကိုက်ညီသောပြင်ပလူမျိုးတို့၏ဝင်ရောက်ကျူးကျော်နေတိုင်လုပ်ကိုင်ခြင်းများ၊ မြန်မာတပ်မတော်မှဌာနေတိုင်းရင်း သားတို့၏နယ်မြေအတွင်းဝင်ရောက်ကျော်ကျူးစခန်းတည်ဆောက်ခြင်းနှင့် မြေယာများသိမ်းဆည်းခြင်း၊ ကုမ္ပဏီများနှင့်ငွေ ရှင်ကြေးရှင်များမှ မြေယာသိမ်ဆည်းခြင်း၊ မြန်မာအစိုးရ၏ဗဟိုမှချုပ်ကိုင်သောအုပ်ချုပ်ရေးယန္တရားများတိုးချဲ့ခြင်းနှင့် ဌာနေတိုင်းရင်းသားတို့၏ဓလေ့နှင့်သဟဇာတမဖြစ်သောမြေယာနှင့်သဘာဝသယံဇာတဥပဒေအကောင်အထည်ဖော်ခြင်းများ စသည့်တို့ကြောင့် ဌာနေတိုင်းရင်းသားတို့၏ ဘိုးဘွားမြေယာစီမံခန့်ခွဲမှုများကြီးမားသော ပျက်စီးဆုံးရှုံးစေမည့်စိန်ခေါ်မှုများနှင့် ခြိမ်းခြောက်မှုများကို ရင်ဆိုင်နေရပါသည်။

ဤတွေ့ဆုံဆွေးနွေးပွဲသို့တက်ရောက်လာကြသော ခေါင်းဆောင်ကိုယ်စားလှယ်များအားလုံးသည်ဌာနေတိုင်းရင်းသားတို့၏အသိပညာဗဟုသုတနှင့်သိပ္ပံပညာရပ်များ နိုးကြားရှင်သန်လာရေး၊ သဘာဝပတ်ဝန်းကျင်သက်ရှိဇီဝမျိုးကွဲများထိန်းသိမ်းရေး၊ ဌာနေတိုင်းရင်းသားများငြိမ်းချမ်းစွာနေနိုင်ရေး၊ သဘာဝပတ်ဝန်းကျင်အတွင်းသက်ရှိဇီဝမျိုးကွဲနှင့်အတူတကွနေတိုင်နိုင်ရေးနှင့် ဘဝလုံခြုံမှုရရှိရေး၊ ရိုးရာဓလေ့ယဉ်ကျေးမှုကိုလွတ်လပ်စွာ ရှင်သန်နေထိုင်နိုင်ရေးနှင့် ရေရှည်တည်တံ့သောမိမိတို့ဌာနေတိုင်းရင်းသားများမြေယာ၊ သဘာဝအရင်းအမြစ်နှင့် ရေရှည်တည်တံ့သောဖွံ့ဖြိုးရေးတို့အား ဌာနေတိုင်းရင်းသားများကိုယ်တိုင် စီမံခန့်ခွဲပိုင်ခွင့်ရှိရေးတို့ကို လုပ်ဆောင်သွားရန် တညီတညွတ်တည်း သဘောတူဆုံးဖြတ်ခဲ့သည်။

ဆက်သွယ်ရန်-

၁။ စောအယ်ဝါး (+95 979726210၊ ကရင်၊ မြန်မာ)

၂။ စောသောတူထူး (+95 979726250၊ ကရင်၊ မြန်မာ)

၃။ စောဖေါလ်စိန်ထွား (+66 817247093၊ ကရင်၊ အင်္ဂလိပ်)